မကာယ်နိုင်ဘူး ကွဲ့နော်။ ကြောက်စရာ မကောင်းလားဟေ့ ။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ သုရာမုခ အသောက် သမားတို့ အင်မတန် နေ့စဉ်နဲ့တကွ ပန်းဖိုး ခိုးနေတဲ့ (မယ်ပဠာ တို့တွေ) အင်း- ခုဇ္ဇုတ္တရာ ကျွန်မတို့တွေ။ နေ့စဉ်နှင့်တကွ ခိုးနေတဲ့ ခုဇ္ဇုတ္တရာ ကျွန်မနော်။ မြတ်စွာဘုရားရှင်နဲ့တွေ့။ သစ္စာတရား၊ ခန္ဓာတရား၊ပဋိစ္စသမုပ္ပါဒ်တရားကို ကြားရနာရတော့ တစ်မဂ် တစ်ဖိုလ်ရတော့ သောတာပန် မဖြစ်လားဟေ့။ သိတဲ့နေ့ကစ ခိုးသေးရဲ့လား။ မခိုး တော့ဘူး။ ကြားလား။ အဲလို လေ့လာဖို့ မကောင်းဘူးလား။ လေ့လာ။ လေ့လာ။ အဲဒါ သဘော ပေါက်ဖို့လိုတယ်။ သိဖို့လိုတယ်။ စဉ်းစား ကြ။

တစ်မဂ် တစ်ဖိုလ်ရဖို့ အရေးကြီးတယ်။ သက္ကာယဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ်။ သက္ကာယဒိဋ္ဌိ မပြုတ်ရင် စိတ်မချရဘူး နော်။ ပေါ့ပေါ့တန်တန် နေလို့တော်ပဲ့မလား။ အဲဒါကြောင့် ခန္ဓာသိဖို့ မလိုဘူးလား။ သစ္စာသိဖို့ မလိုဘူးလား။ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးသိဖို့ မလိုဘူးလား။ အဲတော့ မရသေးတဲ့ ပုဂ္ဂိုလ် ရလေအောင်၊ ရပြီးသားပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင် မျက်စိ ပေါက်က စ မနောဒွါရ အထိ မှန်မှန်လေး ခန္ဓာဖွဲ့ကြ။စက္ခု----။

........ခန္ဓာဖွဲ့........။

ခြောက်ဒွါရ ခန္ဓာဖွဲ့ကြည့်တော့ လူအစားစား၊ နတ်အစားစား၊ ဗြဟ္မာအစားစား၊ တိရစ္ဆာန် အစားစား၊ ပြိတ္တာ အသူရကာယ် အစားစား တွေ့သလား။ ခန္ဓာငါးပါး တွေ့သလား။ လူ၊ နတ် ဗြဟ္မာ၊ သတ္တဝါ မတွေ့တာ ရှိလို့လား။ မရှိလို့လား။ မရှိရင် လူစွဲ၊ နတ်စွဲ ဗြဟ္မာစွဲ စွဲစရာ လိုသေးသလား။ တွေ့တဲ့ တရားက လူ၊ နတ်၊ဗြဟ္မာ လား။ ခန္ဓာငါးပါး။

ဤ ခန္ဓာငါးပါး ဘယ်ပုံဘယ်နည်း ရှိတာလဲ ။ စိစစ်ဖို့ မကောင်းဘူးလား။

ရူပက္ခန္ဓာ ဘယ်သဘောရှိသလဲ။

(ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)

ဝေဒနာက္ခန္ဓာ ဘယ် သဘောရှိသလဲ။

(ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)

သညာက္ခန္ဓာ ဘယ်သဘောရှိသလဲ။

(မှတ်သား ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)

သင်္ခါရက္ခန္ဓာ ဘယ်သဘောရှိသလဲ။

(စေ့ဆော်ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)

ဝိညာဏက္ခန္ဓာ ဘယ်သဘောရှိသလဲ။

21.5.2005,(7:00pm)4

(သိတတ် သောသဘောအစု ဖြစ်ပျက်မှုပါဘုရား)

ဤ ခန္ဓာငါးပါး က မြင်ပြီးရင် ပျက်၊ ကြား ပြီးရင် ပျက်၊ နံ ပြီးရင်ပျက်၊ စား ပြီးရင်ပျက်၊ ထိပြီးရင် ပျက်၊ သိပြီးရင်ပျက် ဆိုတော့ ခန္ဓာငါးပါး တွေ့သလား။ မရှိတာ တွေ့သလား။ မရှိရင် ဘယ်လို စွဲမလဲ။ လူ နတ် ဗြဟ္မာ သတ္တဝါက အစကတယ်လို့ မရှိခြင်း ကြောင့် စွဲစရာလို သေးသလား။ ရှိတယ်ဆိုတဲ့ ခန္ဓာငါးပါး ဖြစ်ပြီးတော့ မပျက်လား။ အစွဲ ခံရဲ့လားဟေ့။ ဒီလိုဆို သက္ကာယဒိဋ္ဌိ မပြုတ်လား။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ပုဂ္ဂိုလ် ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ် ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသု မိစ္ဆာစာရ ကံတွေ ပြငြိုးမလား။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ ပုဂ္ဂိုလ် ဝစီကံနဲ့ ပတ်သက်တဲ့ အကုသိုလ် မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ(ဝါစာ) ပြငြိုးမလား။ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ ပုဂ္ဂိုလ် မနောကံနဲ့ ပတ်သက် တဲ့ အကုသိုလ် အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိပြငြိုးမလား။ ဒါ့ကြောင့် ရှေးဆရာတော် တွေ၊ သမားတော်တွေ သက်သတ်၊ ခိုးမှု၊ ကာမေသု၊ မုသား၊ မိစ္ဆာ ကင်းပြတ်ကွာ မုတ်ပါ သောတာပန် တဲ့နော်။ သောတာပန်ဖြစ်ရင် ချမ်းသာအစစ်ကို ရပြီ ကြားလား။ ဆက်ပြီးတော့ နင်လား ငါလား ကြိုးစားမယ်ဆိုရင် ဓမ္မဒိန္နာ ကဲ့သို့ သောတာပန်က သကဒါဂါမ်၊ သကဒါဂါမ် က အနာဂါမ်၊ အနာဂါမ် က ရဟန္တာကိစ္စ ပြီး မသွားလားဟေ့။ ဘယ်လောက်များ အားရစရာ ကောင်းသလဲနော်။

ဒါကြောင့်မို့ ခန္ဓာဖွဲ့ ခန္ဓာဖွဲ့ ဆိုတဲ့အခါ ခြောက်ဒွါရမှာ အကုသိုလ်ဖြစ်မည့်ကိစ္စ၊ သံသရာ လည်မည့် ကိစ္စတွေကို တိုက်ဆိုင်တဲ့ အခါ သတိပြုဖို့ မကောင်းလား။ ကဲ လူတစ်ယောက်ကို ဥပမာက။ မလေးမခန့် အသရေပျက် အရှက်ကွဲလောက်အောင် သူ့ကို မြင်မကောင်းတာ တွေကို ပြမှာပေါ့။ အဲလို ပြတဲ့အခါ အမြင်ခံရတဲ့သူက စိတ်မဆိုးဘူးလား။ ငါ့ကို မလေးမခန့် ဒီလို လုပ်ရမှာလား။ အသရေပျက် အရှက်ခွဲနဲ့ တရားစွဲမယ် ဘယ်သူတွေ မြင်တယ် သက်သေတွေ မပြောပေဘူးလား။ အဲဒါ ကုသိုလ်လား အကုသိုလ်။ ကဲ အကုသိုလ် ဘယ်က ဖြစ်တာလဲ။ ဘယ်က စတာလဲ စိစစ်ဖို့ မကောင်းဘူးလား။ ကဲ မျက်စိ နဲ့ဆိုင်ရာ လူလား အဆင်းလား။ အဆင်းကို မြင်တဲ့အခါ ပုဂ္ဂိုလ် သတ္တဝါ တွေ့သေးရဲ့လား။ ပုဂ္ဂိုလ် သတ္တဝါ မတွေ့ရင် လူရော တွေ့သေး ရဲ့လား။ မတွေ့ရင် မတော်တရော် တွေ ကား မြင်သေးရဲ့လား။ အမြင်ခံက မတော်တရော်လား။ အဆင်းဓာတ်။

ဟော မျက်စိအကြည် ရှိတော့ ရူပါရုံ အဆင်း တိုက်တယ်နော်။ မြင်သိစိတ် မပေါ်လား။ ငါ မြင်တာလား။ မြင်သိစိတ်။ တစ်ဝိညာဏ်တည်း မြင်သိလို့ဖြစ်ကဲ့လား။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား။ အဆင်းလို့ ခံစားတာ လူလား။ ဝေဒနာ။ နတ်လား ဝေဒနာ ။ ဗြဟ္မာလား ဝေဒနာ ။ အဆင်းလို့ မှတ်တာလူ နတ် ဗြဟ္မာလား။ သညာ။ ခံစားနိုင်အောင်

စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား။ စေတနာ။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား။ ဤ လေးပါး ပြည့်စုံမှ မြင်သိစိတ် ဖြစ်တာနော်။ လူနတ် ပြဟ္မာလား။ နာမက္ခန္ဓာ လေးပါး။ မျက်စိ အကြည်ကား မတော်တရော် ဟုတ်ကဲ့လား။ ရူပါရုံအဆင်းကား မတော်တရော် ဟုတ်ကဲ့ လား။ ခန္ဓာဖွဲ့ ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း ။ကဲ-ခန္ဓာငါးပါး ရတယ်နော်။ကဲ အဲလို ခန္ဓာဖွဲ့ကြည့်တော့ ဒေါသ ဖြစ်သေးရဲ့လား။ ကဲ အဲလို အကြောင်း တိုက်တော့ ကိလေသာ အကုသိုလ် ဖြစ်မည့် နေရာတွေ သံသရာ လည်မည့် ကိစ္စတွေ ကျတော့ ခန္ဓာဖွဲ့ရတယ် ကြားလား။အဲလို စိစစ်ဖို့မကောင်းလား။ လူတစ်ယောက်က နားနဲ့ပတ်သက်ပြီးတော့ဆဲမှာပေါ့။ ဆဲမယ်။ အသရေပျက် အရှက်ကွဲ လောက်အောင် ဆဲမှာ ပေါ့နော်။ ဆဲတဲ့အခါ သည်တရားကို အလေ့အလာ မရှိတဲ့ ပုဂ္ဂိုလ် စိတ် မဆိုးဘူးလား ဆိုးမလား။ ငါ့ကို ဆဲတာ မခံချင်ဘူးကွဲ့။ မလာပေဘူးလား စဉ်းစား။ ကြားရင် သတိလို့ မဟောဘူးလား။ သတိပြုလိုက်တဲ့အခါကျတော့ လူလား အသံလား။ ဆဲတာလား အသံလား။ အသံလို့ ကြားတာ သောတဝိညာဏ် နော်။ နာမ်တရား မရလား။ သောတ အကြည်နဲ့ အသံက ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါးပေါ့။ ကဲ ဆဲတာလား နာမ်နဲ့ရုပ်။ နားက တရားကိုနာ ဉာဏ်က ခန္ဓာလှည့်လို့ မဟောဘူးလား ။ ကဲ ခန္ဓာလှည့်တဲ့ အခါ ပုဂ္ဂိုလ် သတ္တဝါ တွေ့သေးရဲ့လား။ ပုဂ္ဂိုလ် သတ္တဝါ မတွေ့။ ဆဲတာရော တွေ့သေးရဲ့လား။ တွေ့တဲ့ တရားက ဆဲတာလား နာမ်နဲ့ရုပ်။ အဲလို လေ့လာဖို့ မကောင်းဘူးလား ။ ဒီလို ဆိုရင် ကဲ ရာဂ၊ ဒေါသ၊မောဟ ဖြစ်ပါမလား။ အဲဒါ ခန္ဓာဘက်ကို လှည့်တတ်ဖို့ လိုတာ။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ သိမှ ပယ်နိုင်တာနော်။ မသိရင် ပယ်နိုင်ပါ့မလား။ စဉ်းစား။

<u>ကျောက်ဖယောင်း</u>

ကဲ တခါ မကြားစဖူး ကြားဖူးထပ်မံ။ ကျောက်ဖယောင်းသား ကောင်းကောင်း ဖွေးဖွေးလေး တစ်ပိဿာလောက်ရှိတဲ့ ကျောက်ဖယောင်းသား နေလှန်းလိုက်။ နေလှန်းတော့ခါ ပျော့ မလာဘူးလား။ ပျော့တဲ့အခါ တော်တော်လေးကို အဆင်ပြေတဲ့အခါ ဆင်ဖြူတော်ကြီး လုပ်လိုက်တာ ပေါ့နော်။ ပိဿာသ စွယ်စုံကြီးပေါ့။ အဲဒါ စားပွဲပေါ်မှာ တင်ထား။ တရားနာ ပရိသတ်တွေ မင်းတို့ ဘာတွေ မြင်သလဲလို့ မေးရင် ဘယ်လို အဖြေပေးမလဲ။ ဆင်ဖြူ တော် မြင်တယ်။ အဲလို စိစစ်ဖို့ မကောင်းလား။ သေသေချာချာ လေ့လာနော်။ ကဲ အဲဒီ ဆင်ဖြူတော်ကို စွန်းလွန်း ဆရာတော် ဘုရားကြီးက ဘယ်လို ဟောသလဲ။ အရှိကိုကြည့် မရှိတာ မြင်တတ်တယ် ပုထုဇဉ်ကန်းတဲ့ ကြားလား။ အရှိကိုကြည့် မရှိတာ မြင်တတ်တယ်တဲ့ အဲဒီ ဆင်ဖြူတော်ကို နည်းနည်း နေလှန်း

လိုက် နော်။ နေလှန်းလို့ ပျော့တဲ့အခါ ပေါက်ပေါက်ဆုပ်များ ဆုပ်သလို ဘယ်ပြန် ညာပြန်ဆုပ်ကြည့် ဆင်ဖြူတော် တွေ့မလား။ ဖယောင်းလုံး တွေ့မလား။ ဖယောင်းလုံး တွေ့မယ်နော်။ အဲဒီ ဖယောင်းလုံးကို တစ်ခါ ပြန်ပြီးတော့ တစ်ပိဿာ ရှိတာ တစ်ကျပ်သားစီ စုပြီးခါမှ ကျပ်ချိန်တစ်ရာ ပေ့ါနော်။ အရုပ် ပေါင်း တစ်ရာ လုပ်လိုက်တာပေ့ါ။ လူရုပ်၊ နတ်ရုပ်၊ ၊ဗြဟ္မာရုပ် ။တိရစ္ဆာန်ရုပ်တွေ လေ။ အရုပ် ပေါင်း တစ်ရာ စားပွဲပေါ်မှာ အကုန်လုံး ဖြန့်တင်ထား။

တရားနာ ပရိသတ်တွေ ဘာတွေမြင်သလဲလို့မေးရင် ဘယ်လိုဖြေမလဲ။ အရုပ်ပေါင်း တစ်ရာ မြင်တယ် နော်။ အဲဒါ နေလှန်းပြီး တော့မှ အကုန်လုံးစုပြီးတော့ ခြေထောက်နဲ့ နင်းကြည့် လိုက်။ နင်းပြီးတော့မှ ပေါက်ပေါက်ဆုပ်။ဆုပ်-သလို ဘယ်ပြန် ညာပြန် ဆုပ်ပစ်လိုက်တဲ့ အခါကြတော့ အရုပ်ပေါင်း တစ်ရာ တွေ့သလား။ ဖယောင်းလုံး တွေ့တာလား။ တကယ် ရှိတာက အရုပ်ပေါင်း တစ်ရာ လား။ ဖယောင်းလား။ ဘုရားပေးတဲ့ ဝိဇ္ဇာ မျက်မှန် တပ်ကြည့် တော့ ဖယောင်းလား။ အဆင်းဓါတ်လား။

ဟော မြင်တာကို သညာဖုံးတယ်၊ သညာကို သင်္ခါရငင်းမှ သင်္ခါကင်းမယ်။ မြင်တာက အဆင်း ဓါတ်ကို မြင်တာ ၊သညာက ဆင်ဖြူတော်၊ သညာက အရုပ်ပေါင်းတစ်ရာ။ ကြားလား။ စိစစ်ဖို့ မကောင်းလား။ အဲဒီ သညာကို မြတ်စွာဘုရားက ဘယ်လို ဟောတာလဲ လို့ စမ်းစစ်ဖို့ မကောင်း လား။ ၊ တံလျှပ် ပမာဏလို့ မဟောဘူးလား။ တံလျှပ်ဆိုတာ တန်ခူး ကဆုန်ကျ တော့ အပေါ်က နေရောင်ကကျ အောက်က မြေခိုးကမှုတ် သောင်ပြင်ကြီးကို ရေပြင်လို့ မထင်လားဟဲ့။ သားသမင် အပေါင်းဟာ မုဆိုးရန်ကို ကြောက်ပြီးတော့ ပုန်းလျှိုး နေကြတာ နော်။ အဲတော့ ရေငတ်တဲ့ ပြဿနာ နဲ့ ရင်ဆိုင်လာတဲ့အခါ ရေရှာ ထွက်မလာဘူးလား။ ကမ်းပါးပေါ်က ရပ်ကြည့် လိုက်တဲ့ အခါ အောက်မှာ ရေပြင်ကြီးပေ့ါကွဲ့။ ဆင်းပြီးတော့ မသွား ကြလားဟဲ့။ ဆင်းသွားတဲ့အခါ ရေတွေ့ရဲ့ လား။ သောင်ပြင်ကြီးနော်။ အဲဒါ မော့ကြည့် လိုက်တဲ့အခါ ရေက ရှေ့မှာကိုး တစ်ပြလောက် ဆက်ပြီးတော့ မသွားရဘူးလား။ သွားတဲ့ အခါ တစ်ပြလောက် ရောက်တဲ့အခါ ရေတွေ့ရဲ့လား။ မော့ကြည့်တဲ့အခါ ရှေ့မှာပေ့ါ။ အဲသလို ဆက်ဆက်ပြီးတော့ လိုက်သွားတာ သားသမင်အပေါင်း ရေငတ်ပြီးတော့ မသေကြလား။ ရေသောက်လို့ သေရတာလား။ ငတ်လို့ သေရတာ။ အခုလည်း တရားနာ ပရိသတ် တွေ တံလျှပ်ပမာဏ ဆိုတဲ့အတိုင်း လူချမ်းသာ ရှာကြတာ ၊နတ်ချမ်းသာ ရှာတာ၊ ဗြဟ္မာချမ်းသာ ရှာတာ တွေ့ကြပြီလား။ ဘာဖြစ်လို့ မတွေ့တာလဲဟေ့။ မရှိလို့ ။မရှိတာရှာ တွေ့ပါမလားကွဲ့။ စဉ်းစားနော်။ သားသမင်အပေါင်း ရေရှာသလိုပေ့ါ။ ဒါမို့ တံလျှပ်ပမာဏလို့ မဟောဘူးလား စိတ်က ထင်တာကွဲ့နော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါကြောင့် သညာက္ခန္ဓာ

21.5.2005,(7:00pm)7

တံလှပ်ပမာ၊ ဝေဒနာက္ခန္ဓာ က ရေပွက်ပမာ၊ ရူပက္ခန္ဓာ က ရေမြုပ်ပမာဏ မပဟောဘူးလား။ အဲလို စိစစ်ဖို့လိုတယ်ကွဲ့။ အမှန်သိတော့ အမှားမပျောက်လား။ အဲဒါ ကြောင့်မို့လို့ အဝိဇ္ဇာ မျက်လုံးနဲ့ တပ်ကြည့်ကာ သုံးဆယ့်တစ်ဘုံကွဲ့။ ကြားရဲ့လား။ စိစစ်ဖို့ မကောင်းဘူးလား။ အဲတာ ဝိညာဏက္ခန္ဓာနဲ့ အဝိဇ္ဇာမျက်လုံး တွဲကြည့်တော့ခါ ဟော သုံးဆယ့်တစ်ဘုံ ပေါက်တော့တာ ကြားရဲ့လား။ စဉ်းစားဖို့ မကောင်းလား။ကဲ ကိုယ်ထင်တာ တွေ့။ တွေ့တဲ့တရားက နာမ်နဲ့ ရုပ်နော်။ ထင်တာက လူ နတ် ပြဟ္မာပေါ့။ထင်တာနဲ့ တွေ့တာ ၊တွေ့တာအမှန်မယူရဘူးလား။ မတွေ့တာ ရှိလို့လား။ မရှိလို့။ မရှိရင် ဘယ်လိုစွဲမလဲ။ အဲလို စိစစ်ဖို့ ၊သိဖို့လိုတယ်ကွဲ့။ ကြားလား။ အဲဒါကြောင့် အမှန်သိတော့ အမှား ပျောက်တယ် နော်။ ဒါတော့ ခန္ဓာဘက်ကို တကယ် ဉာဏ်လှည့်ဖို့ လိုတယ် ကြားလား။ ဉာဏ် မလှည့်လို့ရှိ ရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါမလားဟဲ့။ ပြုတ်ဘူးကွဲ့။ ဆဲတယ်လို့ ကြားတော့ ဒေါသဖြစ်တယ်။ အင်း မတော်တရော်တွေ မြင်တော့ ဒေါသဖြစ်တယ်။ ကြားလား အမှန်မြင်တော့ အမှား ပျောက်တယ်နော်။ အဲလို စိစစ်ဖို မကောင်းလား။ ဒါမို့ သိမှ ပယ်နိုင်တာ။ မသိရင် ပယ်နိုင်ပါ့ မလား။ သိအောင် ကြိုးစားကွဲ့။ ကြားလား။

<u>ဆေးရောင်စုံနှင့် ပိတ်ကား</u>

ကဲ တခါ မကြားစဖူး ကြားဖူးထပ်မံ။ ရှေးထက်ကျော်ကာရီက အဲဒီခွက်လေးတွေ ဆေးခွက် ခြောက်ခွက် ။တစ်ခွက်မှာ အစိတ်သားလောက် ဆံ့တဲ့ခွက် ။ဆေးကလည်း အကောင်းစား ။ အထုပ်လေးတွေ ခြောက်ထုပ် ။အနားမှာ ရေကလည်း သန့်သန့် ရှင်းရှင်း စုတ်တံနဲ့ ။ တရား နာ ပရိသတ်တွေ ရှေ့တင် ဆေးလေးတွေ ဖောက်ပြီး ထည့်လိုက်၊ ခွက်ထဲကို၊ ရေနွေးနဲ့စပ်ပြီး စုတ်တံနဲ့ မွှေပြီးတော့ မဖျော်ရပေဘူးလား။ အားလုံး ပြီးပြီ ဆိုတဲ့ခါ စားပွဲပေါ် တင်ထားလိုက် နော်။ တရားနာ ပရိသတ်တွေ ဘာတွေ မြင်သလဲလို့ မေးရင် ဘယ်လို အဖြေပေးမလဲ။ ဆေးကို မြင်တယ်။ကဲ-တခါ ပြန်ပြီးတော့ ရှေ့မှာ ပိတ်ကားကြီး ရှိတယ်နော် အဲဒီ ပိတ်ကားပေါ်မှာ ဆေးစက်ချ ပြီးခါမှ ဆေးစက်ကျရာ အရုပ်ထင်လို့ ဆိုတဲ့အတိုင်း လက်ရေးလက်သား ကောင်းကောင်း ဆေးကလဲ ကောင်းကောင်း ခါတ်ပုံ ရိုက်ဘိသကဲ့သို့ တစ်ဘက်က နိုင်ငံ ကျော် ဇာတ်လိုက် မင်းသမီးပုံ။ တစ်ဘက်က နိုင်ငံကျော် ဇာတ်လိုက်မင်းသားလေးပုံပေါ့ ။ အဲဒီလို ခြယ်လှယ်လိုက်တဲ့ အခါမှာ အမျိုးသမီးတွေက မင်းသားလေး မြင်တဲ့အခါ လောဘ တဏှာ မဖြစ်ဘူးလား။ အမျိုးသားလေး တွေက မင်းသမီးလေးကိုမြင်တဲ့အခါ လောဘ တဏှာ မဖြစ်ဘူးလား။ သမုဒယသစ္စာ ကွဲ့နော်။ စဉ်းစားဖို့ မကောင်းဘူးလား။

အဲဒါ အမျိုးသမီးလေး မြင်တာ၊ မင်းသားလေး မြင်တော့ လောဘ တဏှာပေ့ါ။ တကယ် အမြင်ခံ အရှုခံက မင်းသမီးလား။ ဆေးလား။မင်းသားလား ဆေးလား။ ဆေးလို့ မြင်တဲ့ ပုဂ္ဂိုလ်က လောဘ ဖြစ်ပါ့မလား။ အမှန်သိတော့ အမှားမပျောက်လား။ အဲသလို စိစစ်ဖို့ လိုတယ်နော်။ အဲဒါ သူနိုင်တဲ့ စုတ်တံလေးတွေနဲ့ ပြန်ပြီးတော့မှ စုပ်ပြီးရင် အဲဒီ သူ့ ရောင်စုံ ခြယ်ထားတဲ့ ခွက်တွေကို သူခွက် ကိုယ့်ခွက်ထည့်လိုက်တာပေ့ါ။ ပြန်ပြီးတော့ ထည့်ထား ခွက်ထဲကျတော့ နဂိုမူလ အတိုင်း ဘာတွေ မြင်သလဲ လို့ မေးကာ ဘယ်လိုအဖြေပေးမလဲ။။ ဆေးကိုမြင်တဲ့အခါ မင်းသမီး တွေ့သေးရဲ့လား ။ မင်းသားကား တွေ့ရဲ့လား ။တကယ် တွေ့တာက မင်းသမီးလား ဆေးလား မင်းသားလား ဆေး လား ။ အင်း တကယ် စိစစ်ကြည့်တော့ကား ဆေးလား အဆင်းဓါတ်လား။ ဆေးလား အဆင်း ဓါတ်လား ။ အဲ အဆင်းဓါတ်လို့ လေ့လာဖို့ လိုတယ်နော်။

ကဲ အဆင်းက  ရူပက္ခန္ဓာ။ ချောင်းထဲ မြစ်ထဲက ရေမြှုပ်ကြီးကဲ့သို့လို့ မဟောဘူးလား။ အဲလို လေ့လာဖို့ မကောင်းလား ။အဲဒီ ရူပက္ခန္ဓာ။ အဆင်း ရူပက္ခန္ဓာ- ဖောက်ပြန်ပြီးတော့ မပျက်လား ။ ပျက်ရင် နိစ္စလား။ အနိစ္စလား။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခ လက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တ လက္ခဏာ ဒုက္ခသစ္စာလို့ မဟောဘူးလား ။ကဲ ဆင်းရဲတာကလွဲလို့ တွေ့သေးရဲ့လား။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဆင်းရဲတယ်လို့ အမှန်သိကာ အဲဒီခန္ဓာ အပေါ် လိုချင်နှစ်သက်တဲ့ တဏှာ လာဦးမလား။ အမှန်သိတော့ အမှားမပျောက်လား။ အဲဒါ လိုရင်း အချက်တွေ ကွဲ့နော်။ သိမှ ပယ်နိုင်မှာ။ မသိ ပယ်နိုင်ပါ့မလား။ သိအောင် ကြိုးစား။ ခန္ဓာ သိဖို့ လိုတယ်နော်၊ သစ္စာ သိဖို့ လိုတယ်နော်၊ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုး သိဖို့ လိုတယ်။ ဒါတော့ မရသေးတဲ့ ပုဂ္ဂိုလ် ရလေ အောင်၊ ရပြီးသား ပုဂ္ဂိုလ် လိုရင်းကိစ္စပြီးအောင်  သစ္စာဖွဲ့။

……..သစ္စာဖွဲ့……..။

သစ္စာလေးပါးကို သိမှ သောတာပန်၊ သစ္စာလေးပါး သိမှ သကဒါဂါမ်၊ သစ္စာလေးပါး သိမှ အနာဂါမ်၊ သစ္စာလေးပါး သိမှ ရဟန္တာနော်။ သစ္စာ လေးပါးကို မသိရင် သောတာပန် ဖြစ်ပါ့ မလား။ သောတာပန် မဖြစ်ရင် ဘုရား ရဟန္တာဖြစ်ပါ့မလား။ သောတာပန်က စရတယ် ကြားလား။ စိစစ်ဖို့ မကောင်းလား။ ကဲ- သစ္စာ လေးပါးကို မသိတာ ၊ ခန္ဓာ ငါးပါးကို မသိတာ။ ခန္ဓာ ငါးပါး တစ်ပါးပါး အပေါ်မှာ လူ နတ် ပြဟ္မာ သတ္တဝါ လို့ နှလုံးသွင်း မှားတာ။ နှလုံးသွင်း မှားတော့ လိုချင်တာ ဘယ်သူ လဲ။ မရရင် မနေဘူးလို့ စွဲလမ်းတာ ။အဝိဇ္ဇာ တဏှာ ဥပါဒါန်။ ဤ သုံးခု သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ လူလား။ သမုဒယသစ္စာ။ နတ်လား သမုဒယသစ္စာ ။ ပြဟ္မာလား သမုဒယသစ္စာ။ သားတွေ သမီးတွေလား သမုဒယသစ္စာ။ သမုဒယသစ္စာ နော်။ ဘယ်လောက် ထင်ရှားသလဲ ကြားလား။

21.5.2005,(7:00pm)9

သမုဒယသစ္စာလို့ အမှန်သိတာ သူ ငါလား မဂ္ဂသစ္စာ။ မဂ္ဂသစ္စာက သိတယ် ကြားလား။ သမုဒယ အကြောင်း ရှိသမျှ အကျိုးခန္ဓာ မပေါ်ဘူးလား။ ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဟူသရွေ့ အို နာ သေ လွတ်ကဲ့ လား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဆင်းရဲတဲ့ တရားလို့ အမှန်သိဖို့ မလိုလား။ ဆင်းရဲတဲ့ တရားလို့ အမှန်သိရင် နောင်တဖန် သည်ခန္ဓာမျိုး ရချင်သေးရဲ့လား။ လက်ရှိ ခန္ဓာ မတွယ်တာဘူးပေါ့။ မတွယ်တာ -နောင်ခန္ဓာ တောင့်တဦး မလား။ အဲဒါ လိုရင်းအချက်တွေ ကွဲ့နော်။ သိမှပယ်နိုင်တာ။ မသိ-ပယ်နိုင်ပါ့မလား။ သိအောင် ကြိုးစား၊ ကြားလား။ ဒါကြောင့် ခန္ဓာဖွဲ့သစ္စာဖွဲ့ ဆိုတာ အရေးကြီးတဲ့ တရားတွေ နော်။ အဲဒါ သွားတိုင်းလာတိုင်း ခြောက်ဒွါရမှာ ခန္ဓာဖွဲ့ရမယ်နော်။ ခြောက်ဒွါရမှာ သစ္စာဖွဲ့ ရမယ်နော်။ အဲဒါ လိုရင်း အချက်တွေ ကွဲ့ ကြားလား။ အဲဒါ မသိ။ မင်းတို့ လုပ်ချင်သလုပ် မရဘူးဟေ့။ စဉ်းစားဖို့ မကောင်းလား။

<u>လူကမသိ ဓါတ်ကသိ။</u>

မကြားစဖူး ကြားဖူးထပ်မံ ဈေးထက်ကျော်ကာရီက တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး။ တောလည် ခစားသွားတယ်။ မျက်စိလည် လမ်းမှားပြီးတော့မှ အဲဒါ ဆင်ကန်းတောတိုး တိုးသွားတာ ယာခင်းကို ပေါက်ရောက်သွားတယ်။ အဲဒီ ယာခင်းမှာလည်း အခါတိုင်းက သူ့ကွက် ကိုယ့်ကွက် ၊သူ့ခြံ ကိုယ့်ခြံ စောင့်ရှောက်ကြတယ်။ အဲသည်နေ့တော့ အမျိုးသမီးလေး တစ်ယောက်တည်း။ လူရှိတဲ့ဆီကို လာတော့တာ ။ အဲဒီ မျက်စိလည် လမ်းမှားတဲ့ ရှင်ဘုရင်ကြီး က။

ရောက်တော့ အနားမှာ ရေရှိရင် မစပါ လို့ မတောင်းရဘူးလား။ မျက်စိလည် လမ်းမှားတာက သုံးရက် လေးရက် ကြာသွားပြီနော်။ အစာကပြတ် ရေက ငတ်ကိုကွဲ့။ ဦးရယ် ဒီနေ့ ရေ မယူခဲ့ဘူး ပေါ့ နော်။ ကြံရည် သုံးဆောင်မယ်ဆို ပေးမှာပေါ့။ ဒီလိုဆိုလည်း ပေးစမ်းကွာ လို့ မပြောရဘူးလား ။ ဈေးကလည်းကျတော့ ပန်းကန်ခွက်ယောက် လုပ်တဲ့သူတွေ မမွေးသေးဘူးကွဲ့။ ပန်းကန်လုပ်တဲ့ သူတွေ မမွေးသေးဘူး ကြားလား။ နီးတွေကို ယက်ပြီးတော့မှ တောင်း။ အဲဒီတောင်းထဲမှာ ထည့် စားရတာ။ အဲထက်ကောင်းတာ ဝါးကျည်တောက်လေးနဲ့ သောက်ရတာနော်။ အုန်းပင်ကရတဲ့ အုန်းသီးမှုတ်တွေနဲ့ ရေလုပ်ရတာ။ အိုးမှုတ် အိုးမှုတ် မလုပ်ရပေဘူးလား ဟေ့။ အဲတာနဲ့ ဝါးကျည်တောက်လေးက ခန့်မှန်းခြေ အစိတ်သားလောက် ရှိမှာပေါ့။ ကြံပင် ခုတ်ပြီးတော့မှ ကြွက်မြီးတန်းလို့ ထွက်လာခဲ့တယ်။ အဲဒါနဲ့ ပေးလိုက်တော့ ငတ်ကလည်း ငတ်လာ အစား အသောက်ကလည်း ပြတ်လာဆိုတော့ သောက်တာ သူ့စိတ်ထဲမှာ အားရပါးရ ။ ငါ ရှင်ဘုရင် ဖြစ်တာ ကြာလှပြီ။ ကြံရည် အဲသလောက် ကောင်းတာ တခါမှ မသောက်မိဘူးပေါ့။ ငါ့ကို ဆက်သ

တဲ့ ကြံရည်က ညံ့တဲ့ သဘောပေါ့။ သူဝတ်တာတော့ မစဉ်းစားဘူး။ ကြားလား။ ပြတ်လာခဲ့တာ မစဉ်းစားဘူး။ စိတ်က ဖောက်ပြန်တော့တာ။
အင်း နန်းတော် ရောက်ကာ သည်ကြံခင်း သိမ်းမယ်။ စိတ်ကူး မထည့်ဘူးလား။ ကြံရည်က ကောင်းတာကိုး။ ကြံခင်း သိမ်းမယ်။ အမျိုးသမီးလည်း တစ်ယောက်တည်း ကာယကံ မြောက်အောင် ပြစ်မှားမယ်။ စိတ်ကူး မထည့်ဘူးလား။ အဲဒါ စိတ်ကူး ထည့်တာ ကုသိုလ်လား။ အကုသိုလ်။ အကုသိုလ်နော်။ ကဲ နောက်တဖန် ပေးစမ်းဦးကွာ။ သောက်ရတာ အားမရဘူး ပေါ့။ နောက်တဖန် တောင်းတော့ခါ ကြံခုတ်ကြည့်တော့ တစ်စက်မှမထွက်ကွဲ့။ တစ်ပင်က နှစ်ပင်။ နှစ်ပင်က သုံးပင်။ ဆက် ခုတ်တာ။ ဆယ်ပင်ထိ ဆက်ခုတ်တာ တစ်စက်မှ မထွက်။ တော်တုန်းက ထွက်ပါရက်ကနဲ့ အခု ဘာကြောင့် မထွက်သလဲလို့ မမေးရဘူးလား။
အမျိုးသမီးလေးကလည်း ရိုးရိုးလေး တောသူကိုး။ မပြောတတ်ဘူး တော်။ ရှေးက-ရှေးက နေပြီး တော့မှ မိဘတွေများ ဘိုးကြီး ဘွားကြီးတွေ ပြောတာ ကြားမိတယ်။ တိုင်းပြည် အုပ်ချုပ် တဲ့မင်းများ မင်းကျင့်တရား ဆယ်ပါးနဲ့မညီညွတ်ရင် မိုးခေါင်တယ်လို့ ကြားမိတယ်တဲ့။ သူက ရှင်ဘုရင် ဖြစ်နေတာ ။ အဲသလို ပြောတော့တာနော် သူက စဉ်းစားပြီ။ အင်း ဟုတ်ပြီ မှားမှန်း သိတော့တာ ပေါ့နော်။ မှားမှန်း သိတော့ခါ အကျိုးအပြစ်တွေကို မပြောရဘူးလား။ အဲဒါ ငါမှာ ကြံရည် အရသာ ကောင်းလွန်းလို့ ကြံခင်းကို ဒီလိုစိတ်ကူးမိတယ် ။မင်း အပေါ်မှာလည်း ငါ ဒီလို စိတ်ကူးမိတယ် အဲဒီ အပြစ်ကို ခွင့်လွှတ်ပါလို့ မပြောရဘူးလား။။
အခု လူတွေ တစ်ယောက်နဲ့ တစ်ယောက် မှားတဲ့အခါ အပြစ်ကို ခွင့်လွှတ်ပါလို့ မပြောဘူးလား။ သာမန်လေး ပြောတာပကား။ အခု မင်းအပေါ်မှာ ကာယကံမြောက်အောင် ငါ စိတ်ကူး တယ်၊ အဲလို တွေ စိတ်ကူးတယ်လို့ သိသွားအောင် မပြောရဘူးလား။ အခု ဒါတွေ ဖုံးထားတာ မပြောဘူး။ မှားတာကို ခွင့်လွှတ်ပါတဲ့။ မှားတာကိုတဲ့ကြားလား။ မှားပုံလေးတော့ စုံအောင် ပြောဦးမှပါဟဲ့။ အဲတာ စုံအောင် ပြောတော့တာ  စုံအောင် ပြောတော့ခါ အသင်မှားတာ ငါ ဘာ သိမလဲတဲ့ ကြားလား။ကဲ ခြေလွန် လက်လွန် ဟုတ်ရဲ့လား။ သိပ့်မလား။ နှုတ်လွန် အာလွန်ကား ဟုတ်ကဲ့လား ။ စိတ်က မှားတာ ဘယ်သိမလဲ ။ သိရဲ့လား။ အမျိုးသမီးလေးခမျာ မသိ။ ဓါတ်က သိတယ် ဟော ကြံရည် မထွက်ဘူး ဓါတ်က မသိလား ။ ဟော လူက မသိ ဓါတ်က သိတယ် ဗျာ့။ အဲဒါ ကြံရည် မထွက်တာ ကုသိုလ်လား အကုသိုလ် ။ဓါတ်က သိတယ် နော  လိမ်လို့ ရပ့်မလားဟေ့ ။ လိမ်အောင် စိတ်မကူးနဲ့ အပါယ်က မလွတ်ဘူး ။ အပါယ်က မလွတ်ဘူး စိတ်သာချ အဲလို စိစစ်ဖို့ မကောင်းဘူး လား။ အဲဒါနဲ့ အကျိုး အပြစ်တွေ ပြောပြီးတော့ မှားမှန်းသိတော့ မတောင်းပန်ရဘူးလား ။

တောင်းပန်တာ ကိုယ်မှားသလို တောင်းပန် ရတာ။ အခုတော့ ဒီလို မဟုတ်ဘူး။ အပြစ်ရှိတာ လေးကို ခွင့်လွှတ်ပါတဲ့။ ဒီက သူ့အပြစ် တွေ က ဘာလို့မှ မသိတာကို၊ သိအောင် ပြောမှပေ့ါကွဲ့။ ဒါမှ အကျိုး အပြစ်တွေကို ပြောမှ ခွင့်လွှတ်လို့ ရတာ။ ကဲ စိစစ်ဖို့မကောင်းလား ။ အဲဒါနဲ့ အဲသလို မှန်ကန်တဲ့ အတိုင်း ပြောတော့ခါ အသင်မှားတာ ငါမသိတဲ့။ သို့သော်လည်း ခွင့်လွှတ်ပါတယ် နော် ။ နောက် တဖန် ပြန်ပြီးတော့ ပေးစမ်းပါဦး လို့ မတောင်းဘူးလား ။ ခုတ်တော့ ထွက်လာခဲ့တော့ တာ ကွဲ့ ။ တော်တုန်းက မှားတုန်းက အကုသိုလ် ကြံရည် ထွက်ကဲ့လား။ အခု မှားမှန်းသိလို့ ပြန် တောင်းပန်တော့ခါ ကုသိုလ်လို့ မပြောဘူးလား။ ကြံရည် ထွက်မလာလား ။

ကြံရည်ကို ဥပမာပြုပြီးတော့ ကိုယ်လုပ်တဲ့စီးပွားရေး ကိုယ်လုပ်တဲ့ဟာ အသီးသီးတွေ ဟာ အကုသိုလ် ဆင်းရဲတဲ့တရား စိတ်ဆိုးတာ ကုသိုလ်လား အကုသိုလ် ။ စိတ်မဆိုးတာ အကုသိုလ် လား။ ကုသိုလ်။ အဲ စဉ်းစား ။ စဉ်းစားနော် ။ လောဘ ဒေါသ မောဟ ဆိုတာ အကုသိုလ် တရား တွေကွဲ့နော်။ အဲလို လေ့လာဖို့ မကောင်းလား။ သိမှ ပယ်နိုင်တာကွဲ့ ကြားလား ။ အဲဒါ ဘယ်ပေါ်မှာ လဲ လို့ စိစစ်ဖို့ မကောင်းလား ။ ချိုရသာ ရူပက္ခန္ဓာ တရားပေါ်မှာ ကြံအနေနှင့် စားချင်မှု သောက်ချင်မှု စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ ။ ကဲ လောဘ တဏှာ သမုဒယသစ္စာ အကြောင်း ရှိရင် အကျိုး ခန္ဓာမရဘူးလား ။ ခန္ဓာရတဲ့ ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့လား ။ ဘာသစ္စာ လဲ။ သမုဒယ-ဒုက္ခလို့ မပြောဘူးလား ။ ဘယ်လောက်များ ထင်ရှားသလဲ နော်။ ဒါ သမုဒယ အကြောင်း ရှိလို့ အကျိုး ခန္ဓာ မရလား ။ ခန္ဓာရ အို နာ သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ ။ ဒုက္ခသစ္စာ အဲလို လေ့လာဖို့ မကောင်းလား ။ချိုရသာ ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဘာသစ္စာလဲ ။ ဒုက္ခသစ္စာ။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။ သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာ ။ သစ္စာ လေးပါး တစ်စုံကွဲ့ ကြားလား ။ ပယ်သစ္စာက သမုဒယ-ဒုက္ခ။ ပိုင်သစ္စာက မဂ္ဂ-နိရောဓ လို့ မပြောဘူးလား ။ အဲလို စိစစ်ဖို့မကောင်းလား ။ အဲဒါ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်နော်။ စဉ်းစား စဉ်းစား နှလုံးသွင်းမှားလို့ ဖြစ်တာကွဲ့။ ကြားလား။ နှလုံးသွင်း မှန်တော့ မဂ္ဂ နိရောဓ မဖြစ်ဘူးလား။ မှားတော့- သမုဒယ ကြောင့် ဒုက္ခ။ မှန်တော့ မဂ္ဂ နိရောဓ ။ အဲလို လေ့လာဖို့ မကောင်းဘူးလား ။

<u>ဥတ္တရလုလင်</u>

ကဲ တစ်ခါ ပြန်ပြီးတော့မှ ရှေးက ဥတ္တရလုလင် (အပဒါန-၄-၂-၂၉၁) တဲ့။ သူဌေးသား တက္ကသိုလ် တိုင်းပြည်မှာ ကျောင်းထားတာ။ တက္ကသိုလ်သင် ကျောင်းထားတာ။ တစ်ကျောင်းလုံး ပညာ (အချွန်-အချွန်ဆုံး) အတော်ဆုံး အချွန်ဆုံး။ ဒိသာပါမောက္ခ ဆရာကြီး နေမကောင်းတော့ သူဝင်ပြီး

www.thitsarparamisociety.com



တော့ ပြရတယ်နော် ။စာရိတ္တလည်း ကောင်း ပညာကလည်း ကောင်း ဆရာကြီးက ချစ်တာပေါ့ ။ ဆရာကြီး ကိစ္စဝိစ္စ ရှိတဲ့အခါ သူ ဝင်ပြီးတော့ ပြရတယ် မပြရဘူးလားဟေ့။ ပြရတယ် ဒါတော့ ဉတ္တရလုလင် အင်မတန် ပညာ ကောင်းတယ် စာရိတ္တ ကောင်းတယ် တိုင်းပြည်မှာ ကျော်ကြား နေတာပေါ့။

ကျော်ကြားနေတော့ အမတ်ကြီးကလည်းဖြစ် တရားသူကြီးကလည်းဖြစ် သူ့သတင်း ကြားတော့ တာ။ ကိုယ်တိုင်လာ စုံစမ်းတယ် ကြားလား။ အကဲခတ်တယ် ခတ်တော့ သဘောကျ သွားပြီ။ အနားကို တိုးတိုးလေး ဉတ္တရလုလင် ဦးမှာ သမီး ချောလေး တစ်ယောက်ရှိတယ် မင်္ဂလာ လက်ထပ် ပေးပါလို့ မပြောရဘူးလား ။ ဦးရယ် ကျေးဇူးတင်လို့ မဆုံးဘူးတဲ့ နော်။ သို့သော် သည်ဘဝမှာ သူ ဘယ်သူ့ကိုမှ စိတ်ကူး မထည့်ဘူးပေါ့။ ဘယ်သူ့မှ စိတ်ကူး မထည့်ဘူး ဆိုတော့ခါ ဟိုက အမတ်ကြီး မှာ သူ့စိတ်ထဲမှာ အောင့်သက်သက် မဖြစ်ဘူးလား ဟဲ့ ။ စဉ်းစားကွဲ့။ အာဃာတ ဓာတ်တွေ ။ အောင့်သက်သက်၊ တယ် သဘော မကျတော့ဘူး ကြားလား။

အဲတော့ ပြန်သွားတော့တာ ပြန်တာနဲ့ အဲဒီကမှ ဘွဲ့ကရပြီးတော့ ကျောင်းက ထွက်လာခဲ့တာ။ ထွက်တဲ့ အခါမှာ အစိုးရ ဝန်ထမ်းလည်း မလုပ် မိဘထားခဲ့တဲ့ ပစ္စည်းကလည်း သုံးလို့ မကုန်ပဲကိုး ။ ရပ်မှာ ရွာမှာ သာရေးကိစ္စ နာရေးကိစ္စ အကုန်လုံး ဝေယျာဝစ္စ ကုသိုလ်တွေ ဆောင်ရွက်ပေးတယ် နော်။ မပေးဘူးလားဟဲ့။ ဆောင်ရွက်ပေးတယ် အဲဒါနဲ့ တစ်နေ့သဉ္ဇ ကျ တော့ ပညာတေဒဂ်ရတဲ့ ရှင်သာရိပုတ္တရာ ဆွမ်းခံကြွတော့အဲဒီအခါ တရားလေး တစ်လုံးတို့ လိုက် နှစ်လုံးတို့လိုက်ပေါ့။ အဲ မိမိက ကြားဖူးတော့ နားဝ တရားအစ သံဝေဂ ဖြစ်ပြီးတော့ ရှင်သာရိပုတ္တရာ နောက်ကို ပါသွား တော့တာ။ ကျောင်းကို ရောက်တော့ သင်္ကန်း ဆီးပေးတော့တယ် ကြားလား ။သင်္ကန်း ဆီးပြီးတော့ ခန္ဓာတို့၊ အာယတနတို့၊ ဓာတ်တို့၊ သစ္စာတို့၊ ပဋိစ္စသမုပ္ပါဒ်တို့ တရားတွေ မသင်ရဘူးလား ။ အဲဒါ သင်ပြီးတော့ ဉာတပရိညာနဲ့ ပိုင်းခြား တယ်။ တီရဏပရိညာနဲ့ ပိုင်းခြားတယ်။ ပဟာနပရိညာနဲ့ ပိုင်းခြားတယ်။ သိပြီ ဆိုတဲ့အခါ တစ်နှစ်နဲ့ခြောက်လကြာတဲ့အခါမှာ ဆရာဖြစ်တဲ့ ရှင်သာရိပုတ္တရာ နေထိုင် မကောင်းဘူး။

ဆရာ့ အတွက် ဆေးဝါးဓါတ်စာ ရှာမယ်ဆိုပြီးတော့ ကျောင်းတော်မှာ ခပ်စောစော အခွင့် အရေးယူ။ ကျောင်းတော်မှာ- မျက်နှာသစ်နေတာ၊ ကျောင်းတော်မှာ မျက်နှာမသစ်ဘဲနဲ့ မြို့ပြင်ကျမှ သစ်မယ် ဆိုပြီးခါမှ အဲဒီမှာ ဆွမ်းခံအစောကြီး ထွက်သွားတယ်။ မြို့ပြင်ရောက်တဲ့အခါ ကျတော့ ကန်ဘောင်ရိုးပေါ် သပိတ်ကိုတင်၊ ကန်ထဲဆင်း မျက်နှာသစ်တာ ပေါ့။ အဲဒီမှာ သူခိုး နှစ်ယောက် က အိမ်တစ်အိမ်မှာ တက်ပြီးခိုးကြတော့တာကိုး။ လင်းအားကြီး ပေါ့နော်။ အိမ်ရှင်က သူခိုးမှန်း

သိတော့ ထလိုက် တော့တာ ၊ကြားလား။ လိုက်တဲ့အခါကျ တော့ ခိုးတဲ့ သူခိုးနှစ်ယောက်က ကြာရင် တို့ကို မိချေရဲ့ ဆိုပြီးတော့မှ သူ့လက်မှာ ပါတဲ့ ဘဏ္ဍာ ပစ္စည်းကို ဥတ္တရသာမဏေ သပိတ်ထဲ ထည့်ပြီး အလွတ်ပြေးကြတော့တာ။

ပစ္စည်းရှင်က အရောက် ဥတ္တရသာမဏေက မျက်နှာသစ်လို့ အတက်။ မပြေးသော် ကံရာရှိ၊ ပစ္စည်း မြင်တော့တာ့ ဟင် ဘုရားလား အောက်မေ့တာ ဖွတ်ထွက်မှ တောင်ပို့မှန်း သိတယ် လိုက်ခဲ့။ ကြားလား အစတုန်းကတော့ သူတော်ကောင်းပေ့ါ ။ဘုရားလား အောက်မေ့တာ။ ဖွတ်ထွက်မှ တောင်ပို့မှန်း သိတယ် ပစ္စည်းမြင်တော့ခါ သူခိုးလို့ ထင်တော့တာပေါ့။ ခေါ်သွား တော့တာ ကြားလား။ သူခိုးတာ ဟုတ်ကဲ့လား။ သူ ခိုးတာ မဟုတ်ဘူးနော်။ ခိုးတာ မဟုတ်ခြား သော်လည်း သက်သေက မရှိ ပစ္စည်းက တွေ့နေပြီ မပြေးသော် ကံရာရှိတဲ့ ကြားလား။ ကမ္မ ဝိပါကသာ ။ငရဲကို အပ ဝဋ်ကို အမြဲ။ ကွဲ့နော်။ကြားလား။ တရားသူကြီး ဆီပို့။

တရားသူကြီးက သူ့ကိုမြင်တဲ့အခါ မစစ်ဆေးဘူး။ ကားစင်တင်လှံပြန် ကစားစေ။ အမိန့်ချတာ။ အာဏာ ပါးကွက်သားတွေက လှံပြန် ကစားတာ။ သွေးချောင်း စီးတာပေ့ါကွ။ သွေးချောင်း စီးနေပြီ။ အဲ-ကျောင်းတော်က အပေါင်းအဖော်ဖြစ်တဲ့ သာမဏေတွေ ရဟန်းတွေက မြင် မြတ်စွာဘုရား သွား တိုင်ကြ လျှောက်ကြတယ် ကြားလား။ ကယ်တော်မူပါဘုရား ကယ်တော်မူပါ ဥတ္တရသာမဏေ တပည့်တော်တို့ ရှေ့တင်ထွက်သွားတာ သက်သက်မဲ့ မတရားကြံ နှိပ်စက်တာပါ ဘုရားလို့ မလျှောက်ဘူးလား။ ဘုရားက အာရုံပြုပြီးတော့ ကြည့်လိုက်တာပေ့ါနော်။ ငါ ဘုရားလည်း မတတ် နိုင်ဘူးတဲ့ ကြားလား။ ကမ္မ ဝိပါကသာ။ ငါးဘဝ ခြားတုန်းက သူက နှိပ်စက်ခဲ့တာတွေ လေ၊ကဲ ငရဲကို အပ ဝဋ်ကို အမြဲ လို့ မဟောဘူးလား။ကဲ အလှည့်ကျတော့ မနွဲ့ရဘူးတဲ့ ကွဲ့နော်။ကြားလား ငရဲကို အပ ဝဋ်ကို အမြဲ မို့လား။ ကဲ အဲဒီ ဝဋ်က မီတော့တာဗျ။ ကြားလား။

အဲဒါနဲ့ အာဏာသားတွေ နားတဲ့အခါ မြတ်စွာဘုရားရှင် ကြွသွားတယ်။ ဥတ္တရသာမဏေ အသင့် သီလကို စစ်ဆေးရဲ့လား၊ စစ်ဆေးပါတယ်ဘုရား။ ဘယ်လိုနေလဲဟဲ့ တပည့်တော် သီလ အင်မတန် စင်ကြယ်တယ်တဲ့။ ကြားလား ငါ ဘုရားလဲ သိတယ်တဲ့နော်။ အခု မင်း ဖြစ်နေတဲ့ ကိစ္စ ငါးဘဝ ခြား တုန်းက မင်းပြုခဲ့တဲ့ အမှုတွေဟာ အခုမှ ပေါ်တော့တာ။ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ။ ကဲ အလိုလိုဖြစ်တာ မဟုတ်ဘူး နော် ။ သူ နှိပ်စက်ခဲ့တာတွေ တွေ့တော့ မီတော့တာပေ့ါကွဲ့။ ငရဲ အပ ဝဋ်ကိုအမြဲ လို့ မဟော ဘူးလား ။ လွတ်ကဲ့လား ။ မလွတ်ဘူးကွဲ့နော်။ အဲဒါနဲ့ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးက ဥတ္တရသာမဏေ အဲဒါ ငရဲအပ ဝဋ်ကိုအမြဲ။ အဲတော့ အသင့်ကို နှိက်စက်တဲ့ အာဏာပါးကွက်သားတွေကို မေတ္တာမပျက်နဲ့ အမိန့်ချ မှတ်တဲ့

တရားသူကြီးကို မေတ္တာမပျက်နဲ့ ပစ္စည်းရှင်ကိုလည်း မေတ္တာမပျက်နဲ့ မကြာခင် ဝိပါကဝဋ်ကြွေး ကျေလိမ့်မယ်တဲ့ ကြားလား။ မေတ္တာမပျက်နဲ့တဲ့နော် ။ ကိုယ့်ကို ဒီလောက် တိုင် လုံနဲ့ ထိုးတာ တော့ ကာ ကွာ၊ မေတ္တာ မထားနိုင်ဘူးပေ့၊ ထားနိုင်ဘူး။ ထားနိုင်မယ် မထင်ဘူးကွဲ့ ကြားလား။ ကဲ မေတ္တာ ထားရမယ်တဲ့နော် ဘာကြောင့် မေတ္တာလဲ ကိုယ်ပြုခဲ့ တာ လွတ်ပ့ါမလား အဲ အဲသလို အကျိုး အပြစ်ကို ကြည့်တော့ အကြောင်း ရှိတော့ အကျိုး တရားတွေ ပေါ်တယ်ဆိုတော့ခါ မေတ္တာ တွေ မဖြစ်နိုင်ဘူးလားဟဲ့ ။ အဲသလို မေတ္တာထား ရမယ်ကွဲ့နော်။ အဲဒါနဲ့ (မကြာခင် ကြည့်ပြီး တော့မှ) ဘယ်လိုတွေ ပေးခဲ့တာလဲလို့။ ကိုယ်သာ နာ၍ စိတ်မနာစေနဲ့ ။ အခု လုံပြန် အထိုးခံ ရတာ တွေဟာ-အလိုလေး အမယ်လေး မအော် ဘူးလားဟဲ့။ အော်နေတာ ဥတ္တရသာမဏေလား ဝေဒနာ ။ ထင်တော့ ဥတ္တရသာမဏေ လို့ မထင်ဘူးလား ။ အော်နေတာ ဝေဒနာကွဲ့ ။ လွတ်ကဲ့လား ဟ။ ဝေဒနာ ဝေဒနာ။ ကိုယ်သာ နာ၍ စိတ်မနာစေနဲ့ နော်။

အကြောင်း အကျိုး သိတဲ့အတွက် ကဲ-ဒေါသဖြစ်သေးရဲ့လား ။ ဒေါသမဖြစ်၊ လွတ်ပါပြီပကား ပေ့။ ဒေါသက္ခယော နိဗ္ဗာနံ မပောဘူးလား ။ ဒေါသက္ခယော နိဗ္ဗာနံ ဒေါသဆိုတာ မဖြစ်တော့ဘူး။ ဖြစ်ခွင့်မရတော့ဘူးနော် အကျိုးအပြစ်ကို သိတာကိုး။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ အဲဒီ မကြာခင် ဝိပါကဝဋ်က ကျေတော့တာ။ ခန္ဓာဘက်ကို လှည့်ပြီး တော့မှ နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် ပူတယ် အေးတယ် ယားတယ် ယံတယ်လို့ တရားထိုင်တဲ့ အခါ မပြောဘူးလား ။ စင်စစ်တော့ ယားတာလား ဖောက်ပြန်တာ ။ကျင်တာလား ဖောက်ပြန်တာ။ ကိုက်တာလား ဖောက်ပြန်တာ။ အောင့်တာလား ဖောက်ပြန်တာ။ မူးတာ လား ဖောက်ပြန်တာ။ ကဲ ဖောက်ပြန်တာ နော်။ ဖောက်ပြန်တဲ့သဘောနဲ့ သိတဲ့ သဘောက လွဲလို့ တခြားရှိ သေးရဲ့ လား။ ရုပ္ပတီတိ ရူပံ ဖောက်ပြန်ပြီးတော့ မပျက်လား။ အဲလို စိစစ်ဖို့ မကောင်းလား။ကဲ သူတွေ ငါတွေ ဟုတ်ကဲ့လား။ စဥ်းစား နော်။

ကဲ ဖောက်ပြန်ပြီးတော့ ပျက်တယ် ဆိုတော့ကာ ဝေဒနာတွေ့သလား မရှိတာ တွေ့သလား ရုပ်တရားကြီး တွေ့သလား မရှိတာ တွေ့သလား ဝေဒနာက နာမ်တရားနော်။ ဖောက်ပြန် တာက ရုပ်တရားနော်။ နာမ် ရုပ် နှစ်ပါးပေ့ါ ။ကဲ အဲလို စိစစ်ဖို့ မကောင်းလား ။ထိထိမိမိ လေ့လာဖို့ လိုတယ်နော်။ အဲသလို ဆိုတော့ ဒေါသစိတ်တွေ ဖြစ်သေးရဲ့လား။ ဖြစ်ခွင့်မရဘူး ကွဲ့နော်။ ဒါကြောင့် နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် ခံစားတာ လူလား ဝေဒနာ။ ဥတ္တရသာမဏေ လား ဝေဒနာ။ ဝေဒနာလို့ သိတော့ခါ ငါပါသေးရဲ့လား ။ဒိဋ္ဌိမပြုတ်လား ၊ဝေဒနာ ခံစားပြီးတော့ မပျက်လား ၊ပျက်ရင် နိစ္စလား အနိစ္စ။အနိစ္စ မမြဲခြင်း တရား သည် ချမ်းသာတဲ့တရားလား

21.5.2005,(7:00pm)15

ဆင်းရဲတဲ့တရား။ ဆင်းရဲတဲ့တရားကို သုခ လို့ခေါ်မလား ဒုက္ခ။ ဒုက္ခတရားကို ပိုင်သူ ရှိရဲ့လား ၊သတ္တဝါအလိုသို့လိုက်ကဲ့လား။အကြိုက်သို့ပါရဲ့လား။ အနတ္တ လို့ မပြောဘူးလား။ကဲ အနိစ္စ ဒုက္ခ အနတ္တ နော်။ အဲလို စိစစ်ဖို့မကောင်းလား။ အဲလိုဆို အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား ။အနတ္တတရား နဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား ။ တီရဏပရိညာ။ စဉ်းစားဖို့မကောင်းလား ။နာမ် ရုပ်ကို တွေ့တုန်း က ဥတ္တရသာမဏေတွေ့ရဲ့လား ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ တွေ့ရဲ့လား၊ တွေ့တာ နာမ် ရုပ်ပဲတွေ့တယ်နော် ။ဉာတပရိညာ။ ကဲ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ မပြုတ်ဘူးလား ။အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မပြောဘူးလား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့တရား ဆင်းရဲတယ်လို့ အမှန်သိတာ ယထာဘူတဉာဏ် ပေါ့။ ဆင်းရဲတဲ့ဟာက လွဲလို့ တခြား တွေ့သေးရဲ့လား။ ဒါ အမှန်သိတာ ယထာဘူတ ဉာဏ် နော်။

ဒုတိယ ကြိုးစားကြည့်တော့ ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ ဒုတိယကျတော့ အသိဉာဏ်က ရင့်ပြီးတော့ လာတော့ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ မပေါ်လား။ ခန္ဓာက ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်လား။ နိဗ္ဗိန္ဒ ဉာဏ်လို့ မပြောဘူးလား။ ပျင်းမုန်း ငြီးငွေ့ ပြီနော်။ အပြောအဆို အနေ အထိုင်တွေ အခါတိုင်းနဲ့ တူရဲ့လား သိမ်မွေ့လာတော့တာ နော်။ ကဲ ဘယ်လောက်များ အားရစရာ ကောင်းသလဲ ကြားလား။

တတိယ ဆက်ကြိုးစားကြည့် ဖြစ်ပျက်ဘဲ မတွေ့လား။ ဘာသစ္စာလဲ ဒုက္ခသစ္စာ။ ခြေအစ ခေါင်း အဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခ ဆိုတဲ့တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့လား ။ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား ။မရှိရင် ဒုက္ခအတိလို့ မပိုင်းခြား လား။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလမဂ္ဂင်သုံးပါး မဝင်လား ။ ရှုဉာဏ် ငါးပါးနဲ့ပေါင်းတော့ ရှစ်ပါးမပြည့်လား။ ရှစ်ပါးပြည့်တဲ့ အချိန် ခန္ဓာငါးပါးတွေ့သေးရဲ့လား ။ ရှေ့ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ လောကုတ္တရာလို့ မပြောလား။ သောတာပတ္တိမဂ်၊ သောတာပတ္တိ ဖိုလ် ဘာတွေ ပယ်တာလဲ။ စိစစ်ဖို့ မကောင်းလား ။ ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ အနုသယ ကိလေသာ မပယ်လား ။ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယ ကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား ။ မနောကံ မလာ၊ ဝီတိက္ကမ ကာယကံ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာ ဇာတ် မသိမ်းလား။ ပဟာနပရိညာလို့ မပြောဘူး လား ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ။ ဤသုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာကစ ကိုယ်ပြုခဲ့တဲ့ အကုသိုလ် ကံဟောင်း။ ကြွေးဟောင်း အနန္တ ကမ္မာ ပထဝီမြေကြီးနှင့်

အမျှဖြစ်တဲ့ အကုသိုလ်ကံ အကျိုး ပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလား ။ ဤနေရာ ရောက်အောင် ကြိုးစားအားထုတ်ကြနော်။ ဉတ္တရသာမဏေက သက်သေ မခံလား ။ အဲသလို မိမိက ရပြီး တော့ သွားတဲ့အခါ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် ရဟန်းကိစ္စပြီးတော့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တော့၊ ဈာန်နဲ့ မြတ်စွာဘုရား ကျောင်းကို ကြွလာခဲ့တော့တာကွဲ့နော် ကြားလား ။ကဲ အကြောင်း ရှိတော့ အကျိုးတရားတွေ မပေါ်လားဟဲ့။ ဒါမို့ ခန္ဓာကို ဉာဏ်လှည့်ဖို့ လိုတယ် နော်။ အဲလို လေ့လာဖို့ မကောင်းဘူးလား ။

ကဲ ထိခဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ။(လေးကွက်ရှိ ပါဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ။(နှစ်ဆယ်။) ဤရှစ်သွယ်ကို ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

(အမျှဝေ-ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-----။ )

သာဓု-သာဓု-သာဓု။